Chin Human Rights Organization

www.chro.ca info@chro.ca

## ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်။ (အင်္ဂါနေ့)

## သတင်းထုတ်ပြန်ချက်၊ ချက်ချင်းထုတ်ပြန်ရန်

## မြန်မာ၊ ဘာသာစကား မတူကွဲပြားမှုကို ကာကွယ် မြှင့်တင်ပါ။

(ရန်ကုန်၊ မြန်မာ) မြန်မာနိုင်ငံ၏ ကြွယ်ဝများပြားသည့် ဘာသာစကားများနှင့် ၎င်းတို့ကို ထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးစေရေး လိုအပ်ချက်ပေါ်တွင် အဓိကထားကျင်းပသည့် မြန်မာပြည်ရှိ ဘာသာစကားနှင့် ဒေသိယစကားဆိုင်ရာမူတကွဲပြားရောင်စည်ဖြာမှု ဟုအမည်ပေးထားသော နှစ်ရက်တာ နိုင်ငံလုံးဆိုင်ရာ ဆွေးနွေးဟောပြောပွဲ ကို ကျင်းပခဲ့ပြီးနောက် ချင်း လူ့အခွင့်အရေးအဖွဲ့ (CHRO) မှ အောက်ပါကြေညာချက်ကို ထုတ်ပြန်လိုက်ပါသည်။

မြန်မာနိုင်ငံသည် မတူညီသည့်တိုင်းရင်းသားလူမျိုး၊ ဘာသာစကား၊ ဒေသိယစကား နှင့် ယဉ်ကျေးမှုတို့ ဖြင့် မတူညီကွဲပြားမှုများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံအဖြစ် အမြဲတစေ ရှိခဲ့ပါသည်။ ဘာသာစကား အမျိုးစုံလင်မှုမှာ လည်း နိုင်ငံ၏ အမှတ်လက္ခဏာအဖြစ်ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ မြန်မာပြည်အနေဖြင့် ဘာသာစကားနှင့် ဒေသိယစကားများကြွယ်ဝသည့် မတူကွဲပြားရောင်စည်ဖြာမှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန် လုပ်ဆောင်ရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုရောင်စည်ဖြာမှုသည် နိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားမှု ၊ ကြွယ်ဝသည့် ယဉ်ကျေးမှုနှင့် ရိုးရာများနှင့် ရှေးဘိုးဘေးတို့၏ စုပေါင်း အသိပညာတို့ကို ကိုယ်စားပြုသည့် အတွက်ဖြစ်သည်။

ဘာသာစကား ကွဲပြားစုံလင်မှုသည် မည်သည့် နိုင်ငံအတွက်မဆို အဟန့်အတားမဟုတ်ဘဲ မရှိမဖြစ်ရင်းမြစ်တစ်ခုသာဖြစ်ပါသည်။ ဘာသာစကားကွဲပြားမှုကို အားပေးအားမြှောက်ပြုခြင်းသည် လူမှုရေးနှင့်အခြား ကောင်းကျိုးများရရှိနိုင်ကြောင်း မြောက်မြားလှစွာသော သိပ္ပံနည်းကျလေ့လာမှုများက ဖော်ပြခဲ့ကြသည်။ မြန်မာပြည်ကဲ့သို့ပင် ဘာသာစကားမျိုးစုံပြောဆိုသော လူဦးရေမြင့်မားသည့် နိုင်ငံ

အများအပြားသည် ဘာသာစကားကွဲြယ်ဂမှုကို ဆုံးရှုံးခဲ့ရပြီးဖြစ်ပြီး လက်ရှိတွင်လည်း ထို့ထက်မကသော နိုင်ငံများသည် ၎င်းတို့ ၏ ဘာသာစကားများကို ရှုပ်ထွေးသော အကြောင်းများကြောင့် ဆုံးရှုံးရန်ရှိနေသည်။

ထို ့ကြောင့် မြန်မာပြည်သည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အောက်ပါလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသည့် တရားဂင် ဘာသာစကား မူဂါဒ တစ်ခုကို အကောင်အထည်ဖော်ရန် အကြံပြုအပ်ပါသည်။

- လူသုံးအများဆုံး ဘာသာစကားနှင့် အတူတကွ ဘာသာစကားအားလုံးနှင့် ဒေသိယဘာသာစကားများကို (မတူညီသည့် တိုင်းရင်းသားလူမျိုးစုများပြောဆိုသုံးစွဲသည့်အတိုင်း) ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း နှင့်ဖွံ့ဖြိုးအောင်လုပ်ဆောင်ခြင်းတို့ ကို အာမခံချက်ပေးနိုင်သော။
- နိုင်ငံတိုးတက်ရေးတွင် ပြည့်ပြည့်ဂဂ ညီညီမျှမျှပါဂင်နိုင်စေရေးအတွက် အနာဂတ်မျိုးဆက်သစ်များ အဆင်သင့်ဖြစ်စေရန်နှင့် ၎င်းတို့ကို အားပေးကူညီမှုပြုရန် ဘာသာစကားကွဲပြားမှုကို အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးတွင် လက်ခံကျင့်သုံးရန်
- မြန်မာပြည်တွင် ဘာသာစကားကွဲပြားမှုကို အားပေးထောက်ခံရန်အတွက် အင်စတီကျူးရှင်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ အလုံအလောက်ထားရှိရန်

## ဆွေးနွေးပွဲ အကြောင်း

ဆွေးနွေးပွဲကို မတ်လ ၂၅နှင့် ၂၆ရက်တွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ မှ စီစဉ်ကျင်းပခဲ့သည်။ တိုင်ရင်းသားနိုင်ငံရေးပါတီများ၊ စာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ ကျောင်းသားနှင့် လူငယ် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်များပါဂင်သည့် အဓိကပါဂင်ပတ်သက်သူများအားလုံးကို လည်းကောင်း၊ ကမ္ဘာတစ်ဂှမ်းရှိ ဂုဏ်သိက္ခာကြီးမားသော ကမ္ဘာ့ အဆင့်မီ တက္ကသိုလ်များမှ နာမည်ကျော်ကြားသော ပညာရှင်များကို လည်းကောင်း ဖိတ်ကြားခဲ့သည်။

ဆွေးနွေးသူများက ကချင်အနွယ် ဘာသာစကား၊ ကူကီး-ချင်း၊ မွန်နှင့် လိုလို (ဗမာအနွယ်) ဘာသာစကားများနှင့် ဒေသိယစကားများပါဂင်သည် တိဘက်တို ဘားမန်း ဘာသာစကားများ၏ ကွဲြယ်ဂသည့် ဘာသာဗေဒကွဲပြားမှုကို ထုတ်ဖော်ရေးသားထားသည့် စာတမ်းများကို ဖတ်ကြားတင်ပြခဲ့ကြပြီး မြန်မာပြည်ရှိဘာသာစကား ကွယ်ပျောက်စေနိုင်သည့် အန္တရာယ်အကြောင်းအချက်များကို လည်းဆွေးနွေးခဲ့ကြသည်။ ထို ့အပြင်ပညာရှင်များက ဒုတိယဘာသာစကားသင်ကြားမှုနှင့် ဘာသာစကားပြောင်းရွှေ့ သုံးစွဲမှု ဆိုင်ရာ နမူနာပုံစံများနှင့် သီအိုရီများကို ဆန်းစစ်ခဲ့ကြပြီး အခြားနိုင်ငံများရှိ

ဘာသာစကားဆိုင်ရာမူဝါဒများကိုလည်းကောင်း၊ မြန်မာပြည်တွင် မွန်နှင့် ကရင်ပြည်နယ်များတွင် အစိုးရအစီအစဉ်မဟုတ်သည့် တိုင်းရင်းသား ပညာရေး ပုံစံများကိုလည်းကောင်း သုံးသပ်ခဲ့ကြသည်။

-ပြီး-


မီဒီယာ အင်တာဗျူး စီစဉ်ရန်အတွက် ဆက်သွယ်ရန်

Mai Thin Yu Mon, CHRO Program Officer: +95(0)9420045830

Salai Bawi Lian Mang, CHRO Executive Director: +95(0)92450265